# အလင်းတော် ပိုမိုတောက်ပစွာ ကြီးထွားခြင်း

YR C
NO. 30



**အလွတ်ကျမ်းချက်။ ။ သုတ္တံကျမ်း ၄း၁၈**

**“ဖြောင့်မတ်သောသူတို့၏လမ်းသည်
တက်သောအာရုဏ်ကဲ့သို့ဖြစ်၍၊
နေထွက်သည့်တိုင်အောင် တိုးပွါးထွန်းလင်းတတ်၏။”**



## တနင်္ဂနွေနေ့ | ဆွစ်ဇာလန်၌ ပြုပြင်ပြောင်းလဲသူ ၁

နှစ်ပေါင်းများစွာအတွင်း ကက်သလစ်အသင်းတော်သည် သမ္မာကျမ်းစာအမှန်တရား၏အလင်းတော်ကို အမှောင်ခေတ်ကာလ (Dark Ages) အဖြစ် လူများမသိရှိဖို့ရန် လျှို့ဝှက်ဖုံးကွယ်ထိန်းသိမ်းခဲ့ကြသည်။ ဤအချိန်ကာလအတွင်းတွင် များစွာသော မကောင်းဆိုးဝါးအကျင့်ဓလေ့များသည် အသင်းတော်ထဲသို့ ဝင်လာခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် မိမိ၏လူများကို မမေ့လျော့ခဲ့ပေ။ အချိန်မီအတွင်းတွင် သူသည် သမ္မာကျမ်းစာကို လူများထံ သူတို့၏ကိုယ်ပိုင်ဘာသာစကားအားဖြင့် ယူဆောင်လာဖို့ရန် လူများကို နိုးထစေခဲ့သည်။ ဤအချိန်ကာလကို ပြုပြင်ပြောင်းလဲခြင်းအချိန်ကာလဟု ခေါ်သည်။ သစ္စာရှိသော အမျိုးသားများနှင့် အမျိုးသမီးတို့သည် သမ္မာကျမ်းစာ၏အမှန်တရားများကို သင်ယူလေ့လာခြင်းအစပြုခဲ့ကြသည်နှင့်အမျှ၊ သူတို့သည် သူတို့၏မှားယွင်းသောအကျင့်ဓလေ့များကို ပြောင်းလဲရန် သို့မဟုတ် ပြုပြုပြောင်းလဲရန် အလိုရှိခဲ့ကြသည်။

လူးသာ (Luther) နှင့် လက်ဖီးဘား (Lefevre) တို့သည် ဂျာမနီနှင့် ပြင်သစ်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစတင်ပြီး နှစ် အနည်းငယ်အကြာတွင်၊ ယူရစ်ဇွင်းကလိ (Ulric Zwingli) သည် ပြုပြင်ပြောင်းလဲခြင်းကို ဆွစ်ဇာလန်တိုင်းပြည်သို့ ယူဆောင်လာခဲ့သည်။ ပါရမီရှင်ပညာရှင်တစ်ဦးဖြစ်ပြီး၊ အရည်အချင်းပြည့်ဝသောအုပ်ချုပ်ရေးမှူးဖြစ်သော ဇွင်းကလိသည် ရာထူးတစ်ခုမှ နောက်တစ်ခုသို့ အလျင်အမြန်ရာထူးတိုးမြှင့်ခံရသည့် ကက်သလစ်ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည်။



သူသည် ၁၅၁၈ ၌ ဆွစ်ဇလန်နိုင်ငံ၏အရေးအကြီးဆုံးမြို့ဖြစ်သည့် ဇူးရစ်မြို့တွင်ရှိသောဘုရားရှိခိုးကျောင်းတော်ရှိသည့် အသင်းတော်ကြီးတစ်ခုထံသို့ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသည်။ သူသည် သူ၏ဘာသာရေးဆိုင်ရာဝန်ဆောင်မှုအားလုံးအတွက် ငွေကို အသေအချာစုဆောင်းရန်နှင့် အသင်းတော်ရှိချမ်းသာကြွယ်ဝသော၊ ဩဇာအာဏာရှိသောသူများနှင့်သာ “ထိုပုဂ္ဂိုလ်တို့၏ မှတ်စုများနှင့်အတူ” အချိန်ကုန်လွန်စေရန် ပြောဆိုညွှန်ကြားခြင်းခံရခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ မည်သို့ ပြောဆိုထားသနည်း။ ရှင်ယာကုပ်ဩဝါဒစာ ၂း ၁-၇။

ဇွင်းကလိက သူသည် ရှင်မဿဲခရစ်ဝင်ကျမ်းမှ “ဘုရားသခင်၏ဘုန်းတန်ခိုးတော်” အကြောင်းသွန်သင်ရန်နှင့် “ဝိညာဉ်များကို ကယ်တင်နိုင်သော စစ်မှန်သောကယ်တင်ခြင်း” လုပ်ငန်းအတွက် ရည်ရွယ်သည်ဟု တုန့်ပြန်ခဲ့သည်။

သမ္မာကျမ်းစာကို မိမိကိုယ်တိုင်ပိုမိုနားလည်လာသည်နှင့်အမျှ၊ ဇွင်းကလိသည် အသင်းတော်ဘုရားရှိခိုးကျောင်းတော်ကြီးမှာ ကြားနာသူများအား သွန်သင်ဟောပြောလမ်းပြခဲ့ပြီး၊ သူသည် ကိုယ်ရေးကိုယ်တာသီးသန့်အနေဖြင့် ကျောင်းသားများအား သခင်ယေရှု၌ ယုံကြည်ကိုးစားရန်နှင့် သူတို့၏ယုံကြည်ချက်များသည် သမ္မာကျမ်းစာတစ်ခုတည်းအပေါ်သာ မှီခိုဖို့ရန် သင်ကြားပေးခဲ့သည်။ ထိုသို့ သဘာဝအလိုအလျောက်အားဖြင့် လူတို့၏ အယူသည်းမှုအကျင့်များသည် စတင်ပြိုလဲသွားခဲ့လေသည်။

၁၅၂၃ ခုနှစ်တွင် ဇူးရစ်မြို့တော်ကောင်စီသည် ဇွင်းကလိ၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ စိုးရိမ်ခဲ့သည်။ ထို့ကြောင့် သူတို့သည် သူနှင့် ကက်သလစ်များအကြား အငြင်းပွားမှု (တရားဝင်ဆွေးနွေးငြင်းခုံ) ရန် ခေါ်ဆိုခဲ့သည်။ သူ၏အဆင့်မြင့်ပညာရေးနှင့် စကားပြောစွမ်းရည်များအားဖြင့် မိမိကိုယ်ကိုအကူအညီဖြစ်စေခဲ့သည်။ ဇွင်းကလိသည် ကောင်စီအား ကက်သလစ်အသင်းတော်မှ ခွဲထွက်ပြီး၊ သူ၏ပြုပြင်ပြောင်းလဲမှုများကို လက်ခံယုံကြည်စေခဲ့၏။ ကောင်းပြီ၊ သူ၏ပြုပြင်ပြောင်းလဲခြင်းအများစုကို ယုံကြည်လက်ခံခဲ့ကြလေ၏။

သူတို့သည် သန့်ရှင်းသူ သူတော်စင်တို့ကိုဝတ်ပြုကိုးကွယ်မှုကို စွန့်လွှတ်ခဲ့ကြပြီး၊ အသင်းတော်မှမှရုပ်တုများနှင့် ရုပ်ပုံများကို ထုတ်ပစ်ခဲ့ကြ၏။ ထို့အပြင် အပြစ်ကင်းလွတ်ခွင့်လက်မှတ်ရောင်းချခြင်းကို ပိတ်ပင်ခဲ့ကြလေသည်။ သို့သော် ကောင်စီသည် ဇွင်းကလိ၏ထိုလူထု (သူတို့က ပုပ်ရဟန်းမင်းကြီးသည် မုန့်နှင့်စပျစ်ရည်ကို အမှန်တကယ် ခရစ်တော်၏ကိုယ်ခန္ဓာနှင့်အသွေးသို့ နိမိတ်ဆန်ဆန် ပြောင်းလဲခြင်းကို ယုံကြည်ပြောဆိုကြသောလူများ) အား ဆန့်ကျင်ငြင်းခုန်ဆွေးနွေးချက်များကို လက်မခံခဲ့ပေ။

ဇွင်းကလိက အများကြီးပြီးမြောက်အောင်မြင်စွာ လုပ်ဆောင်ခဲ့သည်။ ကောင်စီသည် သူ၏ကြိုးပမ်းမှုများအတွက် အလွန် အထောက်အကူဖြစ်စေခဲ့ပါသည်။ နောင်အနာဂတ်တွင် ၎င်းတို့သည် အမှန်တရားကို ပိုမိုလက်ခံရန်ဆွဲဆောင်နိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဇွင်းကလိက သူ၏ပြုပြင်ပြောင်းလဲမှုများကို စတင်သောအခါ၊ လူးသာနှင့် သူ၏လုပ်ဆောင်ချက်ကို အနည်းငယ်သာ သိရှိခဲ့သည်။ သူတို့နှစ်ယောက်စလုံးသည် သမ္မာကျမ်းစာအမှန်တရားများကို အတူတူယုံကြည်ခဲ့ကြသည်။ ၎င်းသည် အဘယ်သို့ဖြစ်နိုင်မည်နည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၁၃။

ဖြစ်စေလိုသည်။ သို့သော် ထိုကဲ့သို့သော အသင်းတော်သည် ဇိုးလီးကွင် (Zollikon) ၌ ကြာရှည်စွာ မတည်ရှိခဲ့ပါ။

နှစ်နှစ်မပြည့်မီမှာပင်၊ ယုံကြည်ခြင်းကို ဘယ်တော့မှမယိမ်းယိုင်၊ မပြောင်းလဲခဲ့ဖူးသော ခေါင်းဆောင်နှစ်ဦးဖြစ်သော ကွန်ရတ်ဂရတ်ဘာ (Conrad Grebel) နှင့် ဖိလစ်မန်းဇ် (Felix Manz) တို့နှစ်ဦးစလုံးသည် သေဆုံးသွားခဲ့သည်။ ဂရတ်ဘာသည်အအေးခန်းအကျဉ်းထောင်တွင် လပေါင်းများစွာ နေခဲ့ရပြီး၊ ၎င်းသည် သူ့ကို အားနည်းစေခဲ့သည်။ သူသည် ရောဂါရပြီး၊ သေဆုံးခဲ့သည်။ မန်းဇ်သည် ကောင်စီ၏အမိန့်အရ ဇူးရစ် (Zurich) ရှိ လိမ့်မတ်ထ် (Limmat) မြစ်အတွင်း လူသိရှင်ကြား ရေနစ်သေဆုံးခဲ့ရသည်။

**လက်တွေ့ကျင့်သုံးရန်။** ဂရတ်ဘာနှင့် မန်းဇ်တို့သည် သေဆုံးခဲ့ရသည်။ သို့သော် သူတို့သည် ဆင်းရဲဒုက္ခများကိုကျိုးနွံစေရန်အလို့ငှာ အဖိုးတန်သည်ဟု ယူဆသောအရာတစ်ခုနှင့်အတူ သူတို့သေဆုံးခဲ့ကြသည်။ ထိုအရာမှာ အဘယ်အရာနည်း။ ရှင်ပေတရုဩဝါဒစာ ပဌမ စောင် ၃း၁၄-၁၇။

## သောကြာနေ့ | ဇွင်းကလိ သေဆုံးခြင်း ၄

Anabaptist ခေါင်းဆောင်တို့၏လှုပ်ရှားမှုသည် သေဆုံးခဲ့လေပြီ။ သို့သော် ယုံကြည်သူများ၏အသင်းတော်အတွက် ဆန္ဒသည် မသေဆုံးသေးပေ။ ထိုသို့အစား၊ နှိပ်စက်ညှဥ်းပမ်းခြင်းသည် ယုံကြည်သူများကို ပြန့်ကျဲစေလေ၏။ သူတို့သည် သမ္မာတရားကို ဩစတြီးယား၊ ဂျာမနီ၊ ဘယ်ဂျီယံနှင့် ဟော်လန် နိုင်ငံများသို့ ပြန့်နှံ့ခဲ့သည်။ “အကျွန်ုပ်တ တစ်ယောက်တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် ရှာကြပါ၏” ဟု ဧလိယ ခံစားသကဲ့သို့ Anabaptists များသည် မကြာခဏ ခံစားရမည် ဖြစ်သည်။

အသင်းသူအသင်းသားများတို့သည် မိမိဆန္ဒအလျောက်ဖြစ်သင့်သည်ဟူသော ဩတ္တပ္ပစိတ်သည် လွတ်လပ်ရမည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။ သူတို့က အသင်းတော်သည် ယေရှုခရစ်တော်အား ယုံကြည်၍ ပြောင်းလဲခြင်းသို့ရောက်သောသူများကိုသာ အသင်းဝင်အဖြစ်လက်ခံသင့်ကြောင်း ယုံကြည်ခဲ့ကြသည်။ ထိုသူတို့၏ပြောင်းလဲခြင်းကို သူတို့နေထိုင်ခဲ့သည့်အသက်တာအားဖြင့် ပြသလိမ့်မည် ဟု ယုံကြည်ခဲ့ကြသည်။ သူတို့က အသင်းတော်ကို အမှားပြုကျင့်နေသောအသင်းသားများကို ဆုံးမဩဝါဒပေးရန်ဟု မှတ်ယူခေါ်ဆိုခဲ့ကြသည်။ သို့သော်ဘယ်တော့မှ အတင်းတိုက်တွန်းခြင်းဖြင့် မဟုတ်ပေ။ ထိုအတွေးအခေါ်များသည် ဧကရာဇ်မင်း ကွန်စတန်တင်း ကတည်းက ဥရောပ၌ပြုလုပ်ခဲ့သည့် စည်းလုံးသောအသင်းတော်နှင့် တိုင်းပြည်စည်းလုံးခြင်းကဲ့သို့ပင် ဖြစ်သည်။

ပထမတွင်၊ ဇွင်းကလိနှင့် လူးသာတို့သည် ယုံကြည်သူတို့၏ အသင်းတော်များကို တည်ထောင်ရန် အလိုရှိခဲ့သည်။ သူတို့နှစ်ဦးစလုံးသည် ကလေးနှစ်ခြင်းပေးခြင်းကို ဆန့်ကျင်ခဲ့ပြီး၊ အသင်းတော်နှင့် တိုင်းပြည်ကို ပေါင်းစည်းခြင်းကိုလည်း ဆန့်ကျင်ခဲ့သည်။ ဤပြုပြင်ပြောင်းလဲရေးသမားနှစ်ဦးစလုံးသည် နောက်ဆုံးတွင် ထိုအတွေးအခေါ်များကိုစွန့်လွှတ်ပြီး၊ ကက်သလစ်အသင်းတော်မှ သူတို့ကိုကာကွယ်ရန် အစိုးရ၏ဩဇာအာဏာအပေါ် မှီခိုခဲ့သည်။ ထိုအကြောင်းကြောင့် သူတို့သည် အသင်းတော်နှင့်တိုင်းပြည်များကို ရောနှောစေပြီး နှစ်ထောင်ပေါင်းများစွာ ထိုစနစ်ကို ဆက်လက်ကျင့်သုံးခဲ့စေသည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ပြုပြင်ပြောင်းလဲခြင်း၏ အဓိကအကိုင်းအခက်များအားလုံးသည် အစိုးရမှပံ့ပိုးသော အသင်းတော်တစ်ခုတည်း၏တူညီသောအယူအဆကိုပင် ဝေငှခဲ့ကြသည်။ ယုံကြည်သူများအသင်းတော်၏ အသင်းဝင်များဖြစ်ကြသည့် Anabaptist ၏ ရည်ရွယ်ချက်သည် ဤစနစ်တစ်ခုလုံးအား ခြိမ်းခြောက်မှုတစ်ခုဖြစ်ခဲ့သည်။ ထို့ကြောင့် သူတို့အားလုံးသည် Anabaptist များကို နှိပ်စက်ညှဥ်းပန်းခြင်းပြုခဲ့လေသည်။ တခါတရံ ရေ သို့မဟုတ် မီးဖြင့် သူတို့အား အဆုံးစီရင်လေ၏။ အတိတ်၏အမှားများကို ဇွင်းကလိနှင့်လူးသာတို့ လူကောင်းများသည်ပင် အလွယ်တကူ ဖယ်ရှား၍ မရခဲ့ပါ။

ဇူးရစ်သည် Anabaptists နှင့် စစ်ပွဲကို အနိုင်ရသော်လည်း ဘုရားသခင့်အမှုကို အင်အားတိုးသုံး၍ ကြိုးစားခြင်းဖြင့် များစွာ ဆုံးရှုံးခဲ့ရသည်။ ၁၅၂၉ ခုနှစ်၌ ဇွင်းကလိသည် ကက်သလစ်မြို့များကို စစ်အားဖြင့် “ပြောင်းလဲ” ရန် စတင်လုပ်ဆောင်ခဲ့သည်။ နှစ်နှစ်ကြာသောနောက်၊ (ဆွစ်ဇာလန်နိုင်ငံ) ကပ္ပယ်လ် (Kappel) တိုက်ပွဲတွင် ကက်သလစ်မြို့ငါးမြို့သည် လက်တုံ့ပြန်ရန် စည်းရုံးခဲ့ကြသည်။ ထိုနေ့၌ ဇူးရစ်မြို့မှ လူငါးရာကျော်သည် မိမိတို့၏အသက်များကို ဆုံးရှုံးခဲ့ရသည်။ ၎င်းတို့ထဲတွင် ယူးရစ်ဇွင်းကလိ၊ ကောင်စီဝင်များ ၂၆ ဦးနှင့် သူတို့၏ သင်း အုပ်ဆရာ ၂၅ ဦးတို့ ပါဝင်ခဲ့သည်။




Anabaptists များသည် နှိပ်စက်ညှဥ်းပန်းခြင်းခံရပြီး၊ အသေသတ်ခြင်းခံခဲ့ရကြလေသည်။ သို့သော် သူတို့၏ယုံကြည်မှုများသည် မှန်ကန်သောကြောင့် လွတ်လပ်သောအသင်းတော်နှင့်ပတ်သက်သော သူတို့၏ ရည်ရွယ်ချက်သည် နောက်ဆုံး၌ အမေရိကရှိ အင်္ဂလိပ်ကိုလိုနီများနှင့် နောက်ပိုင်းတွင် အခြားနိုင်ငံများ၌ လွတ်လပ်မှုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** တိုက်ခိုက်ခြင်းနှင့်ပတ်သတ်၍ သခင်ယေရှုသည် မည်သည့်သတိပေးခြင်းကို ပေးခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၆း၅၂။

## တနင်္လာနေ့ | ဇွင်းကလိနှင့် သူ၏ကျောင်းသားများ ၂

ဇွင်းကလိ၏ ငြင်းခုန်ဆွေးနွေးပွဲမှ ဘုရားသခင်ပေးသောအောင်မြင်မှုသည် ဧဝံဂေလိတရား၏ဩဇာလွှမ်းမိုးမှုကို ဆွစ်ဇာလန်နိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့စေရန်အတွက် လမ်းဖွင့်ပေးစေခဲ့သည်။ သို့သော် မြို့နယ်ကောင်စီအဖွဲ့ဝင်များသည် ပြုပြင်ပြောင်းလဲသူ ဇွင်းကလိအား ထောက်ပံ့ပေးခဲ့သော်လည်း သူတို့သည် သူသွန်သင်ပြောဆိုသောအရာများအားလုံးကို အမြဲတမ်း သဘောမတူခဲ့ကြချေ။ ဇွင်းကလိသည် ကက်သလစ်များအစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းသည် မှားယွင်းနေသည်ဟု သွင်သင်ပေးခဲ့သည်။ သို့သော် ကောင်စီသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းကို ဖျက်သိမ်းရပ်တန့်ရန် သဘောမတူနိုင်ခဲ့ပါ။ ဇွင်းကလိသည် သမ္မာကျမ်းစာကို ကမ္ဘာပေါ်ရှိ အမြင့်ဆုံးဩဇာအာဏာအရှိဆုံးအဖြစ်လက်ခံခဲ့ပြီး၊ သူ၏ကျောင်းသားများကို ဧဝံဂေလိတရားကို ကျမ်းစာမှသာ အသေအချာတိတိကျကျ သင်ကြားပေးခဲ့သည်။



ကောင်စီက သူ့အားထောက်ပံ့ပေးမှုအတွက် ကျေးဇူးတင်စရာဖြစ်ခဲ့သည်၊ ဇွင်းကလိသည် “ဖြည်းဖြည်းရှေ့ကိုဆက်သွား” ချင်ခဲ့သည်။ သူသည် အချိန်နှင့်အမျှ အမှန်တရားကို ပိုမိုလက်ခံဖို့ရန် သူတို့အားဆွဲဆောင်ဖို့ရန် မျှော်လင့်ခဲ့သည်။ သူကငှင်းသည် မှားယွင်းနေသည်ဟု ကောင်စီ အားပြောကြားခဲ့သော်လည်း သူသည် အသင်းတော်၌ဆက်တိုက်စုရုံးပြောဆိုရန် ဆုံးဖြတ်ခဲ့သည်။ တစ်နှစ်ကျော်ကြာပြီးနောက်၊ သူသည် သူ့ကျောင်းသားများအား သည်းခံတတ်သောသူများဖြစ်ရန်နှင့် အနာဂတ်ပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်ရှိဖို့ရန် အားပေးခဲ့သည်။

အခြားသူတစ်ပါးကို စိတ်ရှည်သည်းခံပေးခြင်းသည် မှားသလား။ ရှင်ယောဟန်ခရစ်ဝင် ၁၆:၁၂၊ ရှင်မာကုခရစ်ဝင် ၄:၃၃၊ ကောရိန္သုဩဝါဒစာ ပဌမစောင် ၃:၁၊ ၂။

အဘယ်သို့ပင်ဖြစ်စေကာမူ၊ သူ၏အချို့ကျောင်းသားများသည် သူတို့သမ္မာကျမ်းစာ၌ တွေ့ရှိခဲ့သောသွန်သင်ချက်များကို အဘယ်သို့ လျစ်လျူရှုနိုင်ကြောင်း မတွေ့ရှိနိုင်ခဲ့ကြချေ။ အခြားသောသူများသည်ကြီးထွားအောင် အချိန်ကာလ လိုအပ်ကောင်း လိုအပ်ပေလိမ့်မည်။ သို့သော် သူတို့သင်ကြားခဲ့သောအမှန်တရားမှ အဘယ်သို့ တဖန်ပြန်လှည့်သွားနိုင်မည်နည်း။

ဇွင်းကလိနှင့် သူကျောင်းသားများသည်လည်း ထိုအရာကို သမ္မာကျမ်းစာအတိုင်း အသင်းတော်သည် ဘုရားသခင်၏လူများ အစုအဖွဲ့ဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ သူတို့သည် ပြောင်းလဲ၍ သခင်ယေရှုနောက်တော်လိုက်ဖို့ရွေးချယ်သောအခါ လူများတို့သည်အသင်းတော်သို့ ပူးပေါင်းလာကြသည်။

ဇွင်းကလိ၏ကျောင်းသားနှစ်ယောက်ဖြစ်သော ဖိလစ်မန်းဇ် (Felix Manz) ၊ ကွန်ရတ်ဂရတ်ဘာ (Conrad Grebel) နှင့် သူတို့၏မိတ်ဆွေအနည်းငယ်တို့သည် အတူတကွ စည်းဝေးခြင်း စတင်ခဲ့ကြသည်။ ပထမတွင် သူတို့သည် ကျမ်းစာလေ့လာသည့်အဖွဲ့အနေဖြင့် တွေ့ဆုံကြပြီး၊ တစ်ဖြည်းဖြည်း ယုံကြည်သူများစုဝေးရာ အသင်းတော်တစ်ခုနီးပါး သူတို့၏အုပ်စုအဖွဲ့ကို အစုပြုခဲ့ကြလေသည်။ ဤသည်နှစ်ပေါင်းတစ်ထောင်လုံးလုံး ဥရောပ “ခရစ်ယာန်”၌ မတွေ့ရှိခဲ့ရသေးသောအရာဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏လူများတို့သည် သူ၏အမှန်တရားများကို ပိုမိုနားလည်သဘောပေါက်ရန်၊ စောင့်ထိန်းရန် လိုအပ်ကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ သုတ္တံကျမ်း ၄:၁၈၊ ဟောရှေအနာဂတ္တိကျမ်း ၆:၃၊ ကောရိန္သုဩဝါဒစာ ဒုတိယ စောင် ၃:၁၈။

## အင်္ဂါနေ့ | နောက်ထပ် အငြင်းပွားမှု ၃

နှစ်ပေါင်းတစ်ထောင်ခန့်၊ ကက်သလစ်အသင်းတော်က အသင်းတော်၏ နယ်မြေတွင်နေထိုင်သောလူများတို့သည် အသင်းတော်နှင့်သက်ဆိုင်သည်၊ အသင်းတော်၏ လက်အောက်တွင်ရှိသည်ဟု သွန်သင်ခဲ့သည်။ ၎င်းသည် လူတစ်ယောက်မွေးဖွားလာသည်နှင့်အမျှ အလိုအလျောက် သူတို့၏လက်အောက်တွင် ရောက်သွားရသည်။ ဤအကြောင်းပြချက်တစ်ခုအားဖြင့် သူတို့သည် ကလေးငယ်များကို နှစ်ခြင်းပေးခြင်းဖြစ်သည်။ သို့သော် ၎င်းသည် အဘယ်သူမျှ ထိုကိစ္စနှင့်ပတ်သတ်၍ မည်သည့်ရွေးချယ်စရာ အမှန်တကယ် မရှိခဲ့ခြင်း ဖြစ် သည်။ လူများတို့သည် ဝင်ချင်သည်ဖြစ်စေ၊ မဝင်ချင်သည်ဖြစ်စေ၊ အသင်းဝင်များဖြစ်ခဲ့ကြရသည်။

၁၅၂၅ တွင် ဇူးရစ်ကောင်စီသည် ဆန္ဒအလျောက်အသင်းတော်၌အသင်းဝင်ခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်ခုအတွက် ဆင့်ခေါ်ခဲ့သည်။ သူသည် သူတို့အားသွန်သင်ခဲ့သောအရာများအတွက် ရပ်တည်မည်ဟု ဇွင်းကလိ၏ကျောင်းသားများက ဇွင်းကလိကို မျှော်လင့်ခဲ့ကြသည်။ ထိုသို့အစား၊ ဇွင်းကလိသည် သူတို့ကိုဆန့်ကျင်ငြင်းခုံရန် ကောင်စီကရွေးချယ်ခဲ့သောသူ ဖြစ်လေသည်။ ကောင်စီသည် သူတို့၏အကြံအစည်များပြုလုပ်ခဲ့ပြီးသားဖြစ်သည်။ သို့သော်ဇွင်းကလိက သူတို့ကိုဆန့်ကျင်ငြင်းခုန်သောအခါ သူတို့မှာ တုန့်ပြန်ရန် တုန့်ပြန်ချက်သက်သေအခွင့်အရေးတစ်စုံတစ်ခုမှ မရှိပါ။

ကောင်စီသည် ကွန်ရတ်ဂရတ်ဘာနှင့် ဖိလစ်တို့ကို ကန်တွန် Canton (ဆွစ်ဇာလန်နိုင်ငံ၏ နယ်မြေတစ်ပိုင်း၊ ပြည်နယ် သို့မဟုတ် ဒေသတစ်ခု) မှ ထွက်ခွာရန် မိန့်ကြားခဲ့လိုက်ပြီး၊ နှစ်ခြင်းမခံသေးသော ကလေးငယ်များသည်လည်း နောက်ရှစ်ရက်အတွင်း နှစ်ခြင်းခံရန် သို့မဟုတ်လျှင် မိဘများသည် အသင်းတော်မှ ထုတ်ပစ်ခြင်းခံလိမ့်မည်ဟု အမိန့်ထုတ်ခဲ့သည်။

ဇူးရစ်ကောင်စီသည် အသင်းတော်ကို ထိန်းချုပ်ခဲ့ပြီး၊ လူများအား ထိန်းချုပ်ဖို့ရန် အသင်းတော်ကို အသုံးပြုလေ၏။ အကယ်၍ လူများသည် အသင်းတော်တွင်အသင်းဝင်မဖြစ်လိုပါက၊ တစ်မြို့လုံးနှင့် ဆွစ်ဇာလန်လူ့အဖွဲ့အစည်းအားလုံး ပြိုကွဲလိမ့်မည်ကို သူတို့ ကြောက်နေခဲ့ကြသည်။ ဤအရာသည် သူတို့မလိုချင်သည့် စွန့်စားမှုတစ်ခုဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့အတွက်တော့ ထိုအရာသည် စိုးရိမ်စရာမလိုအပ်ပေ။ မြောက်များစွာသောတိုင်းပြည်၌ရှိသော လူအမျိုးမျိုးတို့သည် မတူညီကွဲပြားသော ဘာသာတရားများပိုင်ဆိုင်ခဲ့ကြသည်။ တိုင်းပြည်များသည် ပြိုကွဲမသွားခဲ့သေးပေ။ သို့သော် သမိုင်းများတွင် ဘုရင်များ၊ ယဇ်ပုရောဟိတ်များ၊ ဖါရောဘုရင်များ၊ ကဲသာဘုရင်များနှင့် ဧကရာဇ်များအားလုံးတို့သည် အစိုးရမှထောက်ပံ့သော တရားဝင်ဘာသာတရားရှိခြင်းအားဖြင့် မိမိတို့၏လူများကိုစည်းလုံးရန် ကြိုးစားခဲ့ကြသည်။

ဤအတွေးအခေါ်သည် ဟောင်းနွမ်းလွန်းပါသည်။ လူများတို့၏စဥ်းစားတွေးခေါ်မှုများ ကဏ္ဍအသီးသီးမှ အခြားအရာတစ်ခုကို အကြံပြုဖို့ရန်မှာ မဖြစ်နိုင်ပေ။ သို့သော် ဇွင်းကလိ၏ကျောင်းသားများက ဇူးရစ်ကောင်စီသည် ထိုအလင်းကိုမမြင်တွေ့ရလျှင်ပင် သူတို့သိသော အမှန်တရားကို နာခံတတ်သောသူများဖြစ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ဇူးရစ်မြို့မှ လေးမိုင်အကွာတွင်ရှိသော ဇိုလစ်ကွန် (Zollikon) ရွာငယ်လေးတွင် အသင်းတော်နှင့် ပြည်နယ်ပေါင်းစပ်ခြင်းမဟုတ်ဘဲ အသင်းတော်တစ်ခုတည်ထောင်ရန် သူတို့ဆုံးဖြတ်ခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** အမှန်တရားက အခြားသူများအတွက် ထူးဆန်းနေသောအခါ သို့မဟုတ် သူတို့သည် ဆိုးသောသူများဖြစ်သည့်တိုင် ကျွန်ုပ်တို့သည် ဘာလုပ်သင့်သလဲ။ တိမောသေဩဝါဒစာ ဒုတိယစောင် ၄:၁-၅။

## ဗုဒ္ဓဟူးနေ့ | ရေနှစ်ခြင်းပြန်ခံသူများ (The Anabaptists) ၄

ဇိုးလီးကွင် (Zollikon) ရှိ အုပ်စုအသစ်ကို ယုံကြည်သူများ၏အသင်းတော်ဟု ခေါ်သည်။ အသင်းတော်တွင်ပါဝင်ရန် ဘုရားသခင်ကသူတို့ကိုခေါ်တော်မူသည်ဟု ခံစားရသောသူများသာလျှင် အသင်းတော်အဖွဲ့ဝင်များဖြစ်ကြသည်။ သခင်ယေရှုသည် သူ့တပည့်တော်များအား မိန့်တော်မူသည်အတိုင်း သူတို့သည် အသင်းတော်သို့ဝင်ရောက်ကြသောအခါ၊ သူတို့သည် ဗတ္တိဇံ (ရေနှစ်ခြင်း) ခံခြင်းအားဖြင့် ဝင်လာခဲ့ကြသည်။ တမန်တော်ဝတ္ထု ၂:၃၈-၄၁။

ယုံကြည်သူများ၏အသင်းတော်သတင်းသည် မကြာမီ ဇူးရစ်မြို့သို့ ရောက်သွားသည်။ ၎င်းသည်အကြောင်းတစ်ခုခု ဖြစ်နိုင်ခဲ့ပါသော်လည်း ကြိုဆိုခဲ့ကြသည်။ ကောင်စီက ဤအကြံအစည်တစ်ခုလုံးသည် အယူမှားဖြစ်သည်ဟု ဆိုလိုက်သည်။ ယုံကြည်သူများ၏ အသင်းတော်ကို အစပြုရန် ထိုနေရာ၌မရှိခဲ့သောသူများကို ၎င်းက သူတို့၏အသင်းတော်တွင် မယုံကြည်သူများရှိနေသကဲ့သို့ ဖြစ်ခဲ့သည်။ သူတို့သည် အဘယ်သို့ရဲဝံ့ကြသနည်း။

မှန်ပါသည်။ ဇူးရစ်မြို့၌ရှိသော အရက်သောက်စားမူးရစ်သူ၊ သူခိုး၊ လိမ်လည်သူ၊ လူသတ်သမားနှင့် မတရားကြမ်းတမ်းစော်ကားသူများသည် တရားဝင်အသင်းသူအသင်းသားများဖြစ်နေသည်မှာ သေချာသည်။ သို့သော် ထိုအရာသည် အမြဲတမ်းဖြစ်ပျက်ခဲ့ပြီး ဖြစ်သည်။ သူတို့သည် ထိုအကြောင်းနှင့်ပတ်သတ်၍ လုပ်နိုင်သောအရာ ဘာမျှမရှိခဲ့ချေ။

အဘယ်ကြောင့်ဆိုသော် ထိုတိုင်းပြည်၌ရှိသောလူတိုင်းသည် ကလေးငယ်များကို ရေဖြန်းနှစ်ခြင်းပေးခဲ့သည်နည်းတူ ဗတ္တိဇံကိုခံယူခဲ့ကြသောကြောင့်ဖြစ်သည်။ သို့သော် ဇိုးလီးကွင် (Zollikon) မှာ ရှိကြသော ယုံကြည်သူများကို “Ana-baptists” ဟု ခေါ်ကြသည်။ အနက်မှာ “ဗတ္တိဇံပြန်ခံယူသူများ (re-baptizers)” ဟု အဓိပ္ပာယ်ရှိသည်။ လူများတို့ကို တဖန်ဗတ္တိဇံပေးစေခြင်းအားဖြင့် လူတိုင်းခံယူခဲ့ကြသော ကလေးဗတ္တိဇံခံခြင်းပုံစံသည် မလုံလောက်သေး၊ မကောင်းဟု ထင်မြင်စေခဲ့၏။

အားလုံးထဲမှ အဆိုးဆုံးမှာ သူတို့လုပ်ဆောင်နေသောအရာက အစိုးရ၏ထိန်းချုပ်မှုမရှိသော အသင်းတော်တစ်ခုကို ဖန်တီးမည်ဖြစ်သည်။ ယုတ္တိရှိသည့်နိဂုံးချုပ်အနေဖြင့် ဤအယူအဆသည် တရားဝင်အသင်းတော်နှင့် ကောင်စီ၏ဩဇာအာဏာတန်ခိုးကို အားနည်းစေလိမ့်မည်ဖြစ်သည်။

ကောင်စီသည် ၎င်းက ဇူးရစ်အတွက် ကက်သလစ်အသင်းတော်မှထွက်ခွာသွားရခြင်း၏တစ်ခုတည်းသောအရာ ဖြစ်သည်ဟု ထင်မြင်ခဲ့သည်။ သို့သော် ၎င်းက Anabaptists များသည် ဇူးရစ်ရှိ အသင်းတော်ကို စွန့်ခွာရန်အဘို့ သေချာသောအခြားအရာဖြစ်ခဲ့သည်။ နောက်ဆုံး၌ ဇူးရစ်ရှိ အသင်းတော်သည် အမှားများချန်ထားခဲ့ပြီး အမှန်တရားကိုသွန်သင်နေသည်ဟု ထင်မြင်ခဲ့ကြ၏။ ထို့အပြင် သူတို့အသင်းတော်မှ ထွက်သွားသူတိုင်းသည် အမှန်တရားကိုစွန့်ခွာနေသည်ဟု ထင်ခဲ့ကြသည်။ သို့သော် သူတို့၏ထင်မြင်ချက်များကို ရပ်တန့်ရပေမည်။

ထိုအခါ ကောင်စီသည် သူတို့ကိုတားဆီးဖို့ရန် ကြိုးစားခဲ့သည်။ သူတို့ (ကောင်စီ) သည် အသင်းတော်နှင့်အတူတကွ ပူးပေါင်း၍၊ သူတို့လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ခဲ့ကြသည်။ နောင်နှစ်များတွင် သူတို့သည် ဒဏ်ငွေများ၊ အကျဥ်းထောင်ချခြင်းများကို အသုံးပြုလုပ်ဆောင်ခဲ့လေသည်။ “ဤနှစ်ခြင်းပြန်ခံသူများသည် ရေကို အလွန်နှစ်သက်သောကြောင့်” ဟု ဆို၍၊ သူတို့သည် လူများတို့ကို ရေနစ်သေဆုံးစေခဲ့ပြီး၊ ထိုသို့အားဖြင့် သူတို့ယုံကြည်ခဲ့သောအရာသည် မှန်ကန်သည်ဟုလုပ်ဆောင်ခြင်းဖြစ်သည့်အရာမှ ရပ်တန့်ရန် ကြိုးပမ်းခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** လူများတို့သည် သူ၏နောက်တော်သို့လိုက်ရန် မရွေးချယ်သောအခါ သခင်ယေရှုသည် ဘာလုပ်ဆောင်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၆:၆၆၊ ၆၇။

တစ်စုံတစ်ဦးက သူ့နောက်တော်သို့မလိုက်မီ၊ အဘယ်အရာလိုအပ်ကြောင်း သခင်ယေရှုပြောကြားခဲ့သနည်း။ ရှင်မာကုခရစ်ဝင် ၈:၃၄၊ ၃၅။

## ကြာသပတေးနေ့ | ရေနှစ်ခြင်းပြန်ခံသူများ နှိပ်စက်ညှဥ်းပန်းခံရခြင်း ၅

ဇူးရစ်မြို့ဝန်းကျင်ဒေသရှိ Anabaptists များသည် ရဲရင့်သောခြေလှမ်းကို လှမ်းခဲ့ကြပြီး၊ ၎င်းအတွက် ပေးဆပ်ရမည့် အဖိုးအခလည်း ရှိလိမ့်မည်ဖြစ်သည်။ ထိုသို့တိုင်၊ အုပ်စုအဖွဲ့ခေါင်းဆောင်များအား ထွက်ခွာရန်မတောင်းဆိုမီ ရှစ်ရက်အတောအတွင်းတွင်၊ အမျိုးသား ၃၅ဦး နှင့် အမျိုးသမီးများတို့သည် ရေနှစ်ခြင်းခံဖို့နှင့် တရားမဝင်သောအသင်းသို့ ဝင်ရန် တောင်းဆိုခဲ့ကြသည်။

နောက်ထပ်နှစ်နှစ်တွင်၊ ဖြစ်ပျက်ခဲ့သောဖြစ်ရပ်သည် ရှုပ်ထွေးသောအကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။ Anabaptists တို့သည် အမြဲနှိပ်စက်ညှဥ်းပမ်းခြင်းခံခဲ့ကြရသည်။ အကျဥ်းထောင်ချခြင်း၊ ကြီးမားသောဒဏ်ငွေများနှင့် ကန်တွန်မှ သူတို့၏ခေါင်းဆောင်များကို ပြည်နှင်ဒဏ်ပေးခြင်းတို့ကြောင့် ပြည်တွင်းရှိယုံကြည်သူများစွာတို့ကို ယိမ်းယိုင်တုန်လှုပ်စေခဲ့သည်။ ဇိုးလီးကွင်၌ရှိသောအဖွဲ့သည် အကြိမ်ပေါင်းများစွာ သူတို့၏ပြိုင်ဘက်များထံ ဝန်ချတောင်းပန်ကာ၊ သူတို့၏ ယုံကြည်ခြင်းကိုငြင်းပယ်ခြင်း သမ္မာကျမ်းစာနှင့်ပတ်သတ်သော သူတို့၏အမြင်များကို မဖြန့်ဝေတော့ရန် ကတိပေးခဲ့ကြသည်။

သို့သော် ထောင်ထဲမှလွတ်လာသည့်အခါ၊ သူတို့၏ဩတ္တပ္ပစိတ်၏အသံသည် သူတို့အား အနှောင့်အယှက် စတင်ဖြစ်စေခဲ့သည်။ အမှန်တရားဘက်သို့ သူတို့ရပ်တည်သင့်သကဲ့သို့ ရပ်တည်ဖို့ရန် ဆုံးရှုံးခဲ့သည်ကို သူတို့သိနားလည်ခဲ့သည်။ ဘုရားသခင်သည် သူတို့ကို ခွင့်လွှတ်နိုင်မည်လား။

ဟုတ်ကဲ့၊ အမှန်တကယ်ခွင့်လွှတ်နိုင်ပါသည်။ ပိုမိုသိသင့်သိထိုက်သူများအတွက်ပင် ဘုရားသခင်၏ကရုဏာတော်ကတိသည် တည်နေဆဲဖြစ်သည်။ ရှင်ယောဟန်ဩဝါဒစာ ပဌမစောင် ၁:၉။

ဇူးရစ်၌ရှိသောသူများသည် Anabaptists များကို တိုက်ခိုက်ပွဲမှာ အနိုင်ရဟန်ရှိခဲ့သည်။ ဤရိုးရှင်းသောခရစ်ယာန်များသည် အသင်းတော်ကိုအစိုးရမှ သီးသန့်ခွဲထုတ်လိုသည်၊ အသင်းဝင်များသည် သခင်ယေရှုအားအစေခံရန် ရွေးချယ်ထားသော အသင်းတော်ဖြစ်စေလိုသည်၊ သခင်ယေရှု၏နောက်လိုက်များကို အနိုင်ယူရန်အတွက် အင်အားသုံးခြင်းနှင့် နှိပ်စက်ညှဥ်းပန်းခြင်းကို အသုံးပြုရန် ငြင်းဆန်သောအသင်းတော်တစ်ခု